## ကိုဗစ်-၁၉ ရောဂါခေတ်ခွဲစစ်ဆေးမှုနှင့် ခေတ်ခွဲအတည်ပြုလူနာများ လွှဲပြောင်းကုသမှု လုပ်ငန်းစဉ် (၁၃-၂-၂၀၂၂)

ကိုဗစ်-၁၉ ရောဂါခေတ်ခွဲစစ်ဆေးမှုနှင့်ခေတ်ခွဲအတည်ပြုလူနာများလွှဲပြောင်းကုသမှု လုပ်ငန်းစဉ်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ ခံစားရခြင်း၊ ခေတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းတို့ရှိပါက အချိန်နှင့်တစ်ပြေးညီ(၂၄)နာရီပတ်လုံး သတင်းပေးပို့ဆက်သွယ်စုံစမ်းနိုင်ရေးအတွက် ခရိုင်အလိုက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (Rapid Response Teams-RRT) များ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါအဖွဲ့များ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ သက်ဆိုင်ရာခရိုင်အလိုက် ဆက်သွယ်နိုင်ပါသည်-

**- တောင်ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅၅၀၆၇

၀၉ ၈၈ ၂၅၅၅၀၆၈

၀၉ ၈၈ ၂၅၅၅၀၆၉

**- မြောက်ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅၅၀၇၁

၀၉ ၈၈ ၂၅၅၆၃၃၈

၀၉ ၈၈ ၂၅၅၆၃၄၀

**- အနောက်ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅၅၀၆၃

၀၉ ၈၈ ၂၅၅၅၀၆၄

၀၉ ၈၈ ၂၅၅၅၀၆၅

**- အရှေ့ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅၅၀၄၉

၀၉ ၈၈ ၂၅၅၅၀၆၁

၀၉ ၈၈ ၂၅၅၅၀၆၂

ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစစ်ဆေးလိုသူများအနေဖြင့်လည်း အဆိုပါ ခရိုင်အလိုက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ သက်ဆိုင်ရာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT)များ မှ ချိတ်ဆက်ပေးသည့် ဓာတ်ခွဲစစ်ဆေးသည့်နေရာများတွင် နေ့စဉ် နံနက် (၉)နာရီမှ ညနေ (၄)နာရီ အထိ ပိတ်ရက်မရှိ COVID-19 Rapid Antigen Test (RDT) နည်းဖြင့် ဓာတ်ခွဲစစ်ဆေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဓာတ်ခွဲစစ်ဆေးချက်အရ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများအနက် ဆေးရုံ/ကိုဗစ်-၁၉ ကုသ ရေးဌာနများတွင် ကုသမှုခံယူရန် လိုအပ်သောလူနာများအတွက်လည်း ခရိုင်အလိုက် လူနာခုတင် စီမံခန့်ခွဲမှုကော်မတီ (Bed Management Committee) များက ချိတ်ဆက်ကူညီ ဆောင်ရွက်ပေး မည်ဖြစ်ပါသည်။

**ဓာတ်ခွဲစစ်ဆေးမှုခံယူပြီးသည့်အခါ ပိုးမတွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ သူ (Close Contact) များ အတွက်အစီအစဉ်**

ဓာတ်ခွဲစစ်ဆေးမှုခံယူပြီးသည့်အခါ ပိုးမတွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ် ထိတွေ့သူ (Close Contact)များ အနေဖြင့် သက်ဆိုင်ရာဓာတ်ခွဲစစ်ဆေးသည့်နေရာများ၏ စီစဉ် ပေးမှု၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့၏ အတည်ပြုမှုဖြင့် (၁၀)ရက် အသွားအလာကန့်သတ် ၍ သီးသန့်ထားရှိနိုင်ရန်အတွက် ပြည်သူလူထု အခြေပြုကွာရန်တင်းစင်တာများတွင် (Community Based Facility Quarantine) နေထိုင်ရန် အတွက်သော်လည်းကောင်း၊ ဟိုတယ်(Hotel Quarantine)တွင် နေထိုင်ရန်အတွက်သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများကို မိမိအိမ်တွင်အသွားအလာကန့်သတ်၍ (Home Quarantine)နေထိုင်ခွင့်ပြုရန်လည်းကောင်း သက် ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၏ စိစစ်အတည်ပြုမှုဖြင့် ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။

**ဓာတ်ခွဲစစ်ဆေးမှုခံယူပြီးသည့်အခါ ဓာတ်ခွဲအတည်ပြုလူနာဖြစ်သူများအတွက်အစီအစဉ်**

ဓာတ်ခွဲစစ်ဆေးမှုခံယူပြီးသည့်အခါ ဓာတ်ခွဲအတည်ပြုလူနာဖြစ်ပါက သက်ဆိုင်ရာ ဓာတ်ခွဲစစ်ဆေးသည့်နေရာ၏ တာဝန်ကျဆရာဝန်(သို့မဟုတ်) မြို့နယ်ဆရာဝန်ကြီးမှ ကုသရေးဦးစီးဌာန၏ လုပ်ငန်းလမ်းညွှန်အရသော်လည်းကောင်း၊ လိုအပ်ပါက ကုသရေးဦးစီးဌာနမှ တာဝန်ကျ အတိုင်ပင်ခံ အထူးကုဆရာဝန်ကြီး၏ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှအတည်ပြုမှုဖြင့်သော်လည်းကောင်း ရောဂါပြင်းထန်မှုအန္တရာယ်မရှိလူနာများနှင့် ရောဂါပြင်းထန်မှုအန္တရာယ်ရှိလူနာများဟူ၍ ခွဲခြားသတ်မှတ်ပေးမည် ဖြစ်ပါသည်။

**- ရောဂါပြင်းထန်မှုအန္တရာယ်မရှိသောဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့်သတ်မှတ်ခြင်းခံရပါက**

(က) သက်ဆိုင်ရာဓာတ်ခွဲစစ်ဆေးသည့်နေရာများ၏စီစဉ်ပေးမှု၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့၏ စိစစ်အတည်ပြုမှုတို့ဖြင့် အဆိုပါဓာတ်ခွဲအတည်ပြုလူနာများအား (၁၀)ရက်တိတိ နေအိမ်တွင်သီးသန့်ခွဲခြား နေထိုင်ခြင်း(Home Isolation)အား သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို ခွင့်ပြုပေးမည်ဖြစ်ပါသည်။

(ခ) ပြည်သူလူထုအခြေပြုပိုးတွေ့လူနာစင်တာ (Community Positive Center) များတွင် ကုသမှုခံယူရမည့်လူနာများကို သက်ဆိုင်ရာဓာတ်ခွဲစစ်ဆေးသည့်နေရာများ၏စီစဉ်ပေးမှု၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့၏ အတည်ပြုမှုတို့ဖြင့် လွှဲပြောင်းကုသမှုပေးနိုင်မည်ဖြစ်ပါသည်။

(ဂ) ပိုးတွေ့လူနာထားရှိနိုင်သည့်ဟိုတယ် (Hotel Positive Center) များတွင် သွားရောက်တည်းခိုလိုပါက သက်ဆိုင်ရာ ဓာတ်ခွဲစစ်ဆေးသည့်နေရာများ၏စီစဉ်ပေးမှု၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့၏ စိစစ်အတည်ပြုမှု၊ အထူးကိစ္စရပ်များတွင် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စိစစ်အတည်ပြုမှု တို့ဖြင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**- ရောဂါပြင်းထန်မှုအန္တရာယ်ရှိသောဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့်သတ်မှတ်ခြင်းခံရပါက**

(က) ကုသရေးစင်တာများတွင်ကုသမှုခံယူရမည့်လူနာများကို သက်ဆိုင်ရာဓာတ်ခွဲစစ်ဆေးသည့်နေရာများ၏စီစဉ်ပေးမှု၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့၏သိရှိမှု၊ ခရိုင်အဆင့်လူနာခုတင်စီမံခန့်ခွဲမှုကော်မတီ (District Bed Management Committee)၏အတည်ပြုမှု၊ အထူးကိစ္စရပ်များတွင် တိုင်းဒေသကြီးအဆင့် လူနာခုတင် စီမံခန့်ခွဲမှု ကော်မတီ၏ စီစဉ်ပေးမှုဖြင့် လူနာများအနေဖြင့် အချိန်နှင့်တပြေးညီ လွှဲပြောင်းကုသမှု ခံယူနိုင်မည်ဖြစ်ပါသည်။

(ခ) ပြည်သူ့ဆေးရုံများတွင် ကုသမှုခံယူရမည့်လူနာများကို သက်ဆိုင်ရာ ဓာတ်ခွဲစစ်ဆေးသည့် နေရာများ၏စီစဉ်ပေးမှု၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့၏သိရှိမှု၊ ခရိုင်အဆင့်လူနာခုတင်စီမံခန့်ခွဲမှုကော်မတီ (District Bed Management Committee)၏အတည်ပြုမှု၊ အထူးကိစ္စရပ်များတွင် တိုင်းဒေသကြီးအဆင့် လူနာခုတင် စီမံခန့်ခွဲမှု ကော်မတီ၏ စီစဉ်ပေးမှုဖြင့် လူနာများအနေဖြင့် အချိန်နှင့်တပြေးညီ လွဲပြောင်းကုသမှု ခံယူနိုင်မည်ဖြစ်ပါသည်။

(ဂ) ပုဂ္ဂလိကဆေးရုံများတွင် သွားရောက်ကုသမှုခံယူလိုသည့်လူနာများကို သက်ဆိုင်ရာ ဓာတ်ခွဲစစ်ဆေးသည့် နေရာများ၏စီစဉ်ပေးမှု၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့၏သိရှိမှု၊ ခရိုင်အဆင့်လူနာခုတင်စီမံခန့်ခွဲမှုကော်မတီ (District Bed Management Committee) ၏သိရှိမှုတို့ဖြင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**အထူးအစီအစဉ် (Tele-consultation Program)**

မိဘပြည်သူများအတွက် အထူးအစီအစဉ်အဖြစ် အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များနှင့် ဆေးပညာရှင်များထံ ပိတ်ရက်မရှိ နေ့စဉ် မိမိတို့ရောဂါနှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းတိုင်ပင်နိုင်မည့် (Tele-consultation Program)ကို လည်း ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေး ဦးစီးဌာနမှ ယခုရက်ပိုင်းအတွင်း ထုတ်ပြန်ကြေငြာပေးမည်ဖြစ်ပါသည်။

**(မှတ်ချက်- ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲစစ်ဆေးမှုနှင့် ဓာတ်ခွဲအတည်ပြုလူနာများ လွှဲပြောင်းကုသမှု လုပ်ငန်းစဉ်သည် နေရာဒေသနှင့်အချိန်ကာလပေါ်မူတည်၍ အနည်းငယ် အပြောင်းအလဲရှိနိုင်ပါသည်။)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးမှုနှင့် ဓာတ်ခွဲအတည်ပြုလူနာများ လွှဲပြောင်းကုသမှု လုပ်ငန်းစဉ် (၈-၂-၂၀၂၂)

